ပုံစံ(၁၁)

# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၆ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၈၉/၂၀၁၆)

| | |
|---|---|
| ဦးကျော်နန်းဦး ပါ အလုပ်သမား(၆၉)ဦး<br>ရွှေမန်းတံခွန်ဂေါက်အိတ်ထမ်းကယ်ဒီ၊<br>ပုသိမ်ကြီးမြို့နယ်၊ ရွှေကျင်ကွက်သစ်။ | လျှောက်ထားသူများ |

နှင့်

| | |
|---|---|
| ဒေါ်ဖြူဖြူမင်း(မန်နေဂျင်းဒါရိုက်တာ)<br>ရွှေမန်းတောင်ကုမ္ပဏီလီမိတက်၊<br>အောင်မြေသာစံမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်

## ဆုံးဖြတ်ချက်

၁။ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်ရှိ ရွှေမန်းတောင်ကုမ္ပဏီလီမိတက်၊ ဒေါ်ဖြူဖြူမင်း (မန်နေဂျင်းဒါရိုက်တာ)နှင့် ဦးကျော်နန်းဦးပါ အလုပ်သမား(၆၉)ဦးတို့အကြား ဖြစ်ပွားကြသောအငြင်းပွားမှုကို အောင်မြေသာစံမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ မန္တလေးတိုင်းဒေသကြီး၊ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၁၄/၂၀၁၆)အရထိုအငြင်းပွားမှုကိုကြားနာစစ်ဆေးပြီး ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ လ ၂ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဦးကျော်နန်းဦးပါ အလုပ်သမား(၆၉)ဦးတို့မှ တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ထုတ်ခံရသဖြင့် အလုပ်ပြန်လည်ခန့်ထားပေးရန်နှင့် ကြားကာလနစ်နာကြေးပေးရန်၊ ဂေါက်ကလပ်မှကောက်ခံရရှိသော ကယ်ဒီကြေး (Caddie Fee)နှင့် Caddie Booking ကြေးများကို ကယ်ဒီအလုပ်သမားများအား ပြန်လည်ပေးအပ်ရန်၊ ကယ်ဒီအလုပ်သမားများအား သက်ဆိုင်သည့်အလုပ်အကိုင်ဖန်တီးပေးရန်နှင့် ဖန်တီးမပေးနိုင်ပါက လခစားဝန်ထမ်းအဖြစ်သတ်မှတ်ပေးရန်တောင်းဆိုသည်မှ ဖြစ်ပွားလာသောအငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၃) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုသူမှ အောက်ပါကောက်ချက် (၃) ချက်ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကိုကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** ဦးကျော်နန်းဦးပါ အလုပ်သမား(၆၉)ဦးအား ကယ်ရီလိုက်ပါခွင့်ရပ်စဲခြင်းခံရသဖြင့် အလုပ်ပြန်လည်ရရှိရေးနှင့် ကြားကာလလုပ်အားခရရှိရေးတောင်းဆိုမှုသည် ဥပဒေနှင့်ညီညွတ်မှု ရှိ/မရှိ။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ဦးကျော်နန်းဦးပါ အလုပ်သမား(၆၉)ဦးတို့၏ ကယ်ရီလိုက်ပါခွင့် ရပ်စဲခြင်းခံရသဖြင့် အလုပ်ပြန်လည်ရရှိရေးနှင့် ကြားကာလလုပ်အားခ ရရှိရေးတောင်းဆိုမှုအား ပလပ်လိုက်သည်။

**ကောက်ချက်အမှတ်(၂)။** ဂေါက်ကလပ်မှ ကောက်ခံထားသည့် ကယ်ဒီကြေး(Caddie Fee) နှင့် Caddie Booking ကြေးများကို ကယ်ဒီအလုပ်သမားများအား ပြန်လည်ပေးအပ်ရန် တောင်းဆိုခြင်း။

**ဆုံးဖြတ်ချက်အမှတ်(၂)။** ဂေါက်ကလပ်မှ ကောက်ခံထားသည့်ကယ်ဒီကြေး (Caddie Fee) နှင့် Caddie Booking ကြေးများကို ကယ်ဒီအလုပ်သမားများအား ပြန်လည်ပေးအပ်ရန်တောင်းဆိုမှုအား ပလပ်လိုက်သည်။

**ကောက်ချက်အမှတ်(၃)။** ကယ်ဒီ အလုပ်သမားများသည် ပုတ်ပြတ်အလုပ်သမားများဖြစ်၍ သက်ဆိုင်သည့် အလုပ်အကိုင်ဖန်တီးပေးရန်နှင့် ဖန်တီးမပေးနိုင်ပါက လခစားဝန်ထမ်းအဖြစ်သတ်မှတ်ပေးရန် တောင်းဆိုခြင်း။

**ဆုံးဖြတ်ချက်အမှတ်(၃)။** ကယ်ဒီအလုပ်သမားများ၏ အလုပ်အကိုင်ဖန်တီးပေးရန်နှင့် ဖန်တီးမပေးနိုင်ပါက လခစားဝန်ထမ်းအဖြစ်သတ်မှတ်ပေးရန် တောင်းဆိုမှုအား ပလပ်လိုက်သည်။

၅။ မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ်(၁၄/၂၀၁၆) ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် ဦးကျော်နန်းဦးပါ အလုပ်သမား(၆၉)ဦးတို့မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၇၁/၂၀၁၆)ဖြင့် ခုံသမာဓိကောင်စီအမှုအမှတ် (၈၉/၂၀၁၆) အား ကြားနာစစ်ဆေးမည့် အစိုးရကိုယ်စားလှယ် ဦးသောင်းစိန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ အလုပ်သမားကိုယ်စားလှယ် ဦးနေမင်းတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အဆိုပါအမှုတွဲကို လက်ခံရရှိပြီးနောက် ၅-၁-၂၀၁၇ ရက်နေ့တွင် အလုပ်ရှင်၊ အလုပ်သမားများကို တွေ့ဆုံစစ်ဆေး၍ ထွက်ဆိုချက်များကို ရယူခဲ့ပါသည်။ မေးမြန်းချက်များကိုဆောင်ရွက်ရာတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးတွင် နှစ်ဖက်ထွက်ဆိုချက်မှတ်တမ်းများ၊ မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ရှေ့မှောက်တွင် ထွက်ဆိုခဲ့သည့်မှတ်တမ်းများနှင့်နှစ်ဦးနှစ်ဖက်တို့မှ တင်ပြလာသော စာရွက်စာတမ်းအထောက်အထားများအပေါ် အခြေခံ၍ ခုံအဖွဲ့အနေဖြင့် အောက်ပါအတိုင်း ကောက်ချက်ကိုပြုစုခဲ့ပါသည်။

**ကောက်ချက်အမှတ်(၁)။** ဦးကျော်နန်းဦးပါ အလုပ်သမား(၆၉)ဦးအား ကယ်ရီလိုက်ပါခွင့် ရပ်စဲခြင်းခံရသဖြင့် အလုပ်ပြန်လည်ရရှိရေးနှင့် ကြားကာလလုပ်အားခ ရရှိရေး တောင်းဆိုမှုသည် ဥပဒေနှင့်ညီညွတ်မှု ရှိ/မရှိ။

**သုံးသပ်ချက် (၁)**

၇။ တောင်းဆိုသူများမှ တင်ပြရာတွင် မန္တလေးတောင်ဂေါက်ကလပ်အမည်ဖြင့် ၁၉၈၉ ခုနှစ်တွင် (၄)ကျင်းရှိသောဂေါက်ကွင်းအဖြစ်မှ အဆင့်ဆင့်ပြောင်းလဲခဲ့ပြီးနောက် ပိုင်ရှင်များလည်း အဆင့်ဆင့်ပြောင်းလဲခဲ့ပါသည်။ ယခုအခါ (၁၈) ကျင်းရှိသော ဂေါက်ကွင်းအဆင့်သို့ တိုးချဲ့ဆောင်ရွက်ဆဲရှိပြီး၊ ဦးကျော်နန်းဦးခေါင်းဆောင်သော အလုပ်သမားများအပါအဝင် စုစုပေါင်း(၂၄၀)ဦးဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိပါသည်။

၈။ အလုပ်မှရပ်စဲခြင်းခံရသော ဦးကျော်နန်းဦးခေါင်းဆောင်သည့် လုပ်သားစုစုပေါင်း (၆၉)ဦးတို့သည်ဂေါက်ကွင်းကယ်ဒီလုပ်သားများအဖြစ် ဆောင်ရွက်နေသူများဖြစ်ကြပါသည်။ကယ်ဒီလုပ်အားခများကို (၉)ကျင်းလုပ်ကိုင်သူတစ်ဦးလျှင် (၈၀၀၀ကျပ်/-) ရရှိပြီး၊ (၁၈)ကျင်းလုပ်ကိုင်သူ (၁၆၀၀၀ကျပ်/-)၊ (၂၇)ကျင်းလုပ်ကိုင်သူ (၂၄၀၀၀ကျပ်/-)စသည်ဖြင့် အသီးသီးကျင်းအလိုက်ခံစားရရှိခဲ့မှုကို စိစစ်တွေ့ရှိရပါသည်။ ကယ်ဒီများ၏လုပ်အားခသည် သက်ဆိုင်သည့်ကုမ္ပဏီမှ အခကြေးငွေ(လစာနှင့်စရိတ်)ဖြင့် ခန့်အပ်ပေးချေခြင်းပြုသည်မဟုတ်ဘဲ ဂေါက်ကလပ်သို့လာရောက်ကစားသူများ၏ ဂေါက်အိတ်ထမ်းခြင်းဖြင့် လုပ်အားခငွေကို ဂေါက်ရိုက်သူများ၏ဆန္ဒအလျောက် ပေးအပ်ချီးမြှင့်ခြင်းနှင့် ဝန်ဆောင်မှုကို ကျေနပ်နှစ်သက်ခြင်းကြောင့်ခံစားရသော လုပ်အားခများသာဖြစ်ကြ၍ တစ်ဦးနှင့်တစ်ဦးမတူညီနိုင်ကြောင်းကို လေ့လာတွေ့ရှိရပါသည်။

၉။ ကယ်ဒီအဖွဲ့မှ ဦးကျော်နန်းဦးအား ဂေါက်ကလပ်မှချမှတ်ထားသော စည်းကမ်းချက်များလိုက်နာဆောင်ရွက်ရန်၊ ဝန်ခံကတိလက်မှတ်ရေးထိုးရန် အကြောင်းကြားသည့်စာနှင့်ပတ်သက်၍ ရွှေမန်းတောင်ဂေါက်ကလပ်အဖွဲ့၊ စီမံအုပ်ချုပ်မှုဆိုင်ရာတာဝန်ရှိသူများနှင့် မကျေလည်သည့်မှစ၍ ဤအငြင်းပွားမှုဖြစ်စဉ် ဖြစ်ပွားစေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ အောင်မြေသာစံမြို့နယ်

ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ဦးစွာညှိနှိုင်းဖြေရှင်းခဲ့သော်လည်း ပြေငြိမ်းမှုမရှိ၍ မန္တလေးတိုင်းဒေသကြီး၊
ခုံသမာဓိအဖွဲ့ထံသို့ အဆင့်ဆင့်တင်ပြခဲ့ပါသည်။ ထိုသို့ဖြစ်စဉ်ကာလအတွင်း ဦးကျော်နန်းဦး
ဦးဆောင်သော အလုပ်သမား(၆၉)ဦးတို့သည် သက်ဆိုင်ရာလုပ်ငန်းခွင်အနီးတွင် အေးချမ်းစွာ
ဆန္ဒထုတ်ဖော်ပွဲများပြုလုပ်ခဲ့ပြီး၊ ပဋိပက္ခများတော့ ဖြစ်ပွားခြင်းမရှိခဲ့ပါ။ ၎င်းအငြင်းပွားမှုသည်
၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေအရ အလုပ်သမား၊ အလုပ်ရှင်
ဟူသည့်စကားရပ် အနက်အဓိပ္ပါယ်များနှင့် တိုက်ရိုက်အကျုံးဝင်မှုမရှိသော်လည်း နစ်နာသူ ကယ်ဒီ
အလုပ်သမားများ၏အရေးကို ဖြေရှင်းနိုင်ရေးအတွက် ခုံအဖွဲ့သည် မြန်မာနိုင်ငံအတွင်းရှိ အခြား
သော နာမည်ကြီးရန်ကုန်ဂေါက်ကွင်း၊ မြန်မာနိုင်ငံဂေါက်ကွင်းများတွင် လက်တွေ့ရိုက်နေသော
ဂေါက်ရိုက်သမားများထံသို့လည်းကောင်း၊ ခုံအဖွဲ့တွင်ပါဝင်သည့် ဦးမောင်မောင်ဝင်း၏ လက်တွေ့
လေ့လာသိရှိချက်များအပေါ်အခြေပြု၍ ကယ်ဒီခသည် ၎င်းတို့လိုက်ပါဆောင်ရွက်သည့် ဂေါက်ရိုက်
သမားများ၏ ဝန်ဆောင်ခပေးချေမှုမှခံစားရရှိခဲ့ကြောင်းနှင့် တစ်ဦးနှင့်တစ်ဦးလည်း ခံစားရရှိမှု
မတူညီနိုင်ပါကြောင်း စုံစမ်းသိရှိရပါသည်။ ဤခုံအဖွဲ့အနေဖြင့် ကယ်ဒီအလုပ်သမားများ၏အရေးကို
စာနာ၍ ဥပဒေအရဖြေရှင်းပေးနိုင်ရန် အခြေအနေအရပ်ရပ်ကို လေ့လာစိစစ်ခဲ့ပါသည်။ မြန်မာနိုင်ငံ
ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အခန်း(၁၆)၊ ပုဒ်မ-၆၅(ဍ)အရ တည်ဆဲအလုပ်သမားရေးရာဥပဒေများကို
လေးစားလိုက်နာရန်တာဝန်ရှိသည်ဟုပြဋ္ဌာန်းထားသဖြင့် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့၏ လေ့လာ
သုံးသပ်အကြံပြုချက်များ၊ ဥပဒေဆိုင်ရာညွှန်ပြချက်များကို အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်စလုံးမှ
လေးစားလိုက်နာရန်တာဝန်ရှိကြောင်းသုံးသပ်ပါသည်။ အငြင်းပွားမှုတွင်ပါဝင်သည့် ဦးကျော်နန်းဦး
ပါ (၆၉)ဦးတို့၏ ကယ်ဒီလိုက်ပါခွင့်ရပ်စဲခံရခြင်းသည် ၎င်းတို့အပေါ်မှီခိုနေကြသည့် မိသားစုများ၏
စားဝတ်နေရေး၊ လူမှုရေးဒုက္ခများကို လျစ်လျူရှုထားခြင်းမပြုဘဲ ကယ်ဒီအလုပ်သမားများမှ ကယ်ဒီ
လိုက်ပါခွင့်ပြန်လည်လျှောက်ထားခဲ့ပါက ဂေါက်ကလပ်၏စည်းမျဉ်းစည်းကမ်းများနှင့်အညီ လူမှုရေး
စာနာထောက်ထားမှုအဖြစ် ကယ်ဒီပြန်လည်လိုက်ပါခွင့်ပြုသင့်သည်။ ကယ်ဒီအလုပ်သမားများသည်
လုပ်ငန်းခွင်အတွင်း သက်ဆိုင်ရာတာဝန်ရှိသူတို့မှ သန့်ရှင်းရေးကိုအကြောင်းပြု၍ အခကြေးငွေ
မပေးဘဲ လုပ်အားခိုင်းစေခဲ့သည့် ဂေါက်ကွင်းထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းများကိုလည်း
အခါအားလျော်စွာဆောင်ရွက်ရပြီး ကယ်ဒီလုပ်သားများမှ မလုပ်ကိုင်ဘဲပျက်ကွက်ပါက အပြစ်ဒဏ်
ပေးခြင်းရှိခဲ့ကြောင်း ထွက်ဆိုချက်များအရသိရှိရသဖြင့် ဥပဒေနှင့်ဆန့်ကျင်ပြီး အဓမ္မခိုင်းစေမှု
ဖြစ်စေသည့် လူတစ်ဦးတစ်ယောက်အား အလုပ်တစ်ခုကို ထိုသူမပြုလုပ်ပါက(သို့မဟုတ်) မလိုက်နာ
ပါ က တစ်စုံတစ်ရာအပြစ်ပေးခံရမည်ဟူသော ခြိမ်းခြောက်မှုကြောင့် ထိုသူ၏ဆန္ဒမပါဘဲ ဥပဒေနှင့်
ဆန့်ကျင်၍ ခိုင်းစေသောအလုပ်မျိုးကိုလုပ်ကိုင်ရပါ က နစ်နာဖွယ်နှင့်ကြုံရပြီး ဥပဒေကိုဆန့်ကျင်
ချိုးဖောက်ပြီး၊အခမဲ့လုပ်အားပေးခိုင်းစေမှုများကိုရှောင်ရှား၍ လူမှုရေးတရားမျှတမှုကို ထောက်ထား
ပြီး ကယ်ဒီလိုက်ပါခွင့်ရပ်စဲခံခဲ့ရသော အလုပ်သမား(၆၉)ဦးနှင့် မှီခိုသူမိသားစုများ၏ စားဝတ်နေရေး

ကိစ္စရပ်များကိုပါတာဝန်ရှိသူများအနေဖြင့် ကယ်ဒီလိုက်ပါခွင့်ရပ်စဲခံရသူများကို ပြန်လည်လိုက်ပါဆောင်ရွက်ခွင့်ပြုသင့်သည်ဟု သုံးသပ်ပါသည်။

၁၀။ အလုပ်ရှင်များဘက်မှ ဦးမျိုးသန့် (အထွေထွေမန်နေဂျာ)နှင့် ဦးအောင်မြင့် (စီမံမန်နေဂျာ) တို့မှ ယခုကဲ့သို့ ဦးကျော်နန်းဦး ဦးဆောင်၍ ၈-၁၀-၂၀၁၆ ရက်နေ့တွင် ဆန္ဒထုတ်ဖော်ပွဲကျင်းပခဲ့ခြင်းကြောင့် ၉-၁၀-၂၀၁၆ ရက်နေ့တွင်ကျင်းပမည့် မိမိတို့ ရွှေမန်းတောင်ဂေါက်ကလပ်အသင်းမှ မန်းစီးတီးအသင်း၊သီတင်းကျွတ်ဖလားဂေါက်ရိုက်ပြိုင်ပွဲလုပ်ငန်းစဉ်များကို အနှောင့်အယှက်ပြုခဲ့ပြီး၊ ကလပ်၏ပုံရိပ်များကို ကျဆင်းထိခိုက်စေခဲ့၍ ဂေါက်ကလပ်ရှိဝန်ထမ်းများနှင့် ကျန်ရှိနေသော ကယ်ဒီလုပ်သားများ၏လုပ်အားကို အကူအညီရယူပြီး ပြိုင်ပွဲကြီးဖြစ်မြောက်အောင်မြင်ရေးကို ဆောင်ရွက်ခဲ့ရသဖြင့် ကယ်ဒီလိုက်ပါခွင့်မှရပ်စဲခြင်းခံရသော ဦးကျော်နန်းဦးပါ အလုပ်သမား (၆၉)ဦးတို့ကို ကယ်ဒီအလုပ်လိုက်ပါခွင့်ရပ်စဲရန် ဆုံးဖြတ်ခဲ့ပါကြောင်း ထွက်ဆိုချက်များအရ တွေ့ရှိရပါသည်။

၁၁။ ယခုကဲ့သို့ ဆုံးဖြတ်ခြင်းခံရသော ကယ်ဒီအလုပ်သမားများသည် ရွှေမန်းတောင်ကုမ္ပဏီမှ လစာနှင့်စရိတ်ငွေများကို ကျခံသုံးစွဲမှု ရှိ/ မရှိနှင့် ကုမ္ပဏီ၏ခန့်အပ်ထားခဲ့သော ဝန်ထမ်းများ ဟုတ်/ မဟုတ်ကို စိစစ်လေ့လာခဲ့ရာတွင် ၎င်းတို့ကို ကယ်ဒီအဖြစ်ဆောင်ရွက်ခွင့်ပြုသော သက်သေခံကတ်ပြားများကို ထုတ်ပေးထားကြောင်းနှင့် ယင်းကဲ့သို့ ထုတ်ပေးရသည့်အကြောင်းရင်းမှာ ဂေါက်ကလပ်သို့လာရောက်ကစားသည့် အရေးကြီးပုဂ္ဂိုလ်များ၏လုံခြုံရေးနှင့် ဂေါက်ကွင်းဧရိယာတို့တွင် စည်းကမ်းနှင့်အညီ ဝင်ထွက်သွားလာနိုင်ရေးအတွက်ဖြစ်ပါကြောင်းနှင့် ကယ်ဒီခ ၈၀% ကို မိမိတို့ကုမ္ပဏီအနေဖြင့်သုံးစွဲခွင့်မရှိဘဲ၊ သက်ဆိုင်ရာ အကျိုးတူပူးပေါင်းကြီးကြပ်ဆောင်ရွက်သည့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ငွေစာရင်းများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဂေါက်ကလပ်၏ ရငွေစာရင်းအဖြစ်ပေးသွင်းရပြီး၊ လစဉ်စစ်ဆေးရေးဌာန၏ စာရင်းနှင့်လုပ်ငန်းစစ်ဆေးခြင်းကိုခံယူ၍ အစီရင်ခံစာများကိုရေးဆွဲထုတ်ပြန်ရပါသည်။ ကျန် ၂၀% ကို ကယ်ဒီများ၏ သာရေး၊ နာရေး ရန်ပုံငွေအဖြစ်စုဆောင်းခဲ့ပြီး သာရေး၊ နာရေးကိစ္စရပ်များနှင့် ကယ်ဒီဝတ်စုံချုပ်ပေးခြင်းများတွင် သုံးစွဲခဲ့ကြောင်းနှင့် ထွက်ဆိုချက်များအရ ကယ်ဒီလုပ်သားများသည် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဂေါက်သီးရိုက်သူများ၏ ဂေါက်အိတ်များကို ထမ်း၍လည်းကောင်း ဝန်ဆောင်မှုပေးကာ ဝင်ငွေရရှိခြင်းဖြစ်ကြောင်း လေ့လာသုံးသပ်ရပါသည်။ ကယ်ဒီလုပ်သားများသည် ဂေါက်ကလပ်၏ လခစား၊နေ့စားဝန်ထမ်းများမဟုတ်ကြဘဲ ဂေါက်အိတ်ထမ်းခြင်းဖြင့် ဂေါက်ရိုက်သူများထံမှ ကယ်ဒီခသတ်မှတ်ငွေနှင့် အပိုကြေးများရရှိကြသည့် လုပ်သားများဖြစ်သည်။ လျှောက်ထားခံရသူ ရွှေမန်းတောင်ကုမ္ပဏီလီမိတက်သည် လုပ်ခပေးရန်တာဝန်ရှိသူမဟုတ်သဖြင့် အလုပ်ရှင်ဟု ဥပဒေအရသတ်မှတ်နိုင်မည်မဟုတ်ပါ။

၁၂။ ရွှေမန်းတောင်ကုမ္ပဏီလီမိတက်သည် မန္တလေးမြို့တော်၊ စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်း၍ BOT စနစ်ဖြင့် ဆောင်ရွက်ရသည်ဖြစ်ရာ ယခင်ကဆောင်ရွက်ခဲ့သည့် ပုဂ္ဂလိကကုမ္ပဏီ အသီးသီးတို့၏ လုပ်ငန်းဆောင်ရွက်မှုတို့ကို မြေပြင်အခြေအနေအတိုင်းရယူ၍ လက်ရှိအခြေအနေမှ ဖွံ့ဖြိုးတိုးတက်အောင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရသည်ဖြစ်ရာ အနာဂတ်တွင် ရွှေမန်းတောင် ဂေါက်ကလပ်ကို နိုင်ငံတကာအဆင့်မီစေရန်အတွက်ရည်မှန်းပြီး၊ လက်ရှိမြန်မာနိုင်ငံဂေါက်သီး အဖွဲ့ချုပ်၏ ညွှန်ကြားချက်များနှင့်အညီ အခြားသောဂေါက်ကလပ်များ၏ စံချိန်စံညွှန်းများကို အဆင့်မီစေရန်အတွက် လိုက်နာဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိသည်ဟု တင်ပြပါသည်။ မိမိတို့ ဂေါက်ကလပ်လုပ်ငန်းခွင်တွင် အသင်းဝင်(၁၉)ဦးသာရှိသော်လည်း လက်ရှိ(၁၀)ဦးခန့် လာရောက်ကစားသည်ဖြစ်၍ ဝင်ငွေအားဖြင့် နည်းပါးလျက်ရှိပါသည်။ မိမိတို့၏လုပ်ငန်း အောင်မြင်စေရေးအတွက် ကွင်းကြေးကျပ်(၃၀၀၀၀/-)သတ်မှတ်ဆောင်ရွက်လျက်ရှိရာ အခြားသော မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဂေါက်ကွင်းများ၏နှုန်းထားထက် ပိုမိုမြင့်မားမှုကြောင့် ဂေါက်ရိုက်သမားများလာရောက်ကစားမှု ကျဆင်းလျက်ရှိသည်ဟုတွက်ဆသည်မှာ ယေဘုယျအားဖြင့် မှန်ကန်နိုင်သော်လည်း မိမိတို့ကုမ္ပဏီ၏ အနာဂတ်ရည်မှန်းချက်များအတွက် ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်များကို လေ့လာတွေ့ရှိရပါသည်။ ခုံအဖွဲ့၏မေးမြန်းချက်များအရလည်း ဂေါက်ကလပ်၏စီမံခန့်ခွဲမှုသည် ဂေါက်ရိုက်သူများမှ ကယ်ဒီခများကို သက်ဆိုင်သူကယ်ဒီသမားများအား ဝန်ဆောင်ခပေးချေရခြင်းဖြစ်၍ အထက်ပါအပိုဒ်(၈)တွင် ဖော်ပြထွက်ဆိုခဲ့သည့်အတိုင်း ကယ်ဒီများ၏လုပ်အားခများကို ဂေါက်ရိုက်သူများမှသာ ပေးချေဆောင်ရွက်သည်ဖြစ်ကြောင်းကို ပေါ်လွင်စေခဲ့ပါသည်။ မိမိတို့၏ဖွဲ့စည်းပုံနှင့်အညီ ခန့်အပ်ထားသောဝန်ထမ်းများမဟုတ်ပါကြောင်း ရှင်းလင်းထွက်ဆိုချက်ကိုလည်း သိရှိရပါသည်။ မိမိတို့ခုံအဖွဲ့အနေဖြင့် အခြားသောဂေါက်ကလပ်များ၏ ဆောင်ရွက်ပုံဆောင်ရွက်ချက်များကို စုံစမ်းချက်များအရ ကယ်ဒီလုပ်သားများသည် ဂေါက်ရိုက်သူများမှပေးချေသော လုပ်အားခများနှင့် ဝန်ဆောင်ခများကို အလားတူရရှိခံစားကြပါကြောင်းကို စိစစ်တွေ့ရှိရပါသည်။ ထို့ပြင် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် ဂေါက်ကလပ်စီမံခန့်ခွဲသူများနှင့် ကယ်ဒီလုပ်သမားများအကြား ဆက်ဆံရေးကောင်းမွန်ရေးနှင့် ကောင်းမွန်သောလုပ်ငန်းခွင်ဖြစ်စေရန် ငွေကြေးဆိုင်ရာများ၊ လုပ်ငန်းခွင်စည်းကမ်းများကို မူဝါဒရေးဆွဲချမှတ်ပေးသင့်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၁၃။ သို့ဖြစ်၍ ခုံအဖွဲ့သည် အငြင်းပွားမှုတွင်ပါဝင်ခဲ့သော ဦးကျော်နန်းဦးပါ လုပ်သား(၆၉)ဦး၏ ကယ်ဒီအဖြစ်မှရပ်စဲခံရခြင်း၊ ပြန်လည်ခန့်အပ်ခြင်းတို့သည် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ခန့်ထားသော လုပ်သားအမျိုးအစားမဟုတ်ဘဲ အားကစားနှင့်နွယ်သည့် ဝန်ဆောင်မှုလုပ်ငန်းတွင် ပုံသေမရှိသော ဂေါက်ရိုက်ကစားသူများ၏ပေးချေမှုနှင့် ဆန္ဒအရချီးမြှင့်မှုတို့ကို ခံစားရယူသည့် အလုပ်သမားအမျိုးအစားသာဖြစ်သည်။ အလုပ်ရှင်၊ အလုပ်သမားဥပဒေ၊ အလုပ်သမားရေးရာ

အငြင်းပွားမှုဖြေရှင်းရေးဥပဒေအရ အလုပ်ထုတ်ခြင်း၊ အလုပ်ပြန်လည်ခန့်ထားခြင်း၊ ကြားကာလနစ်နာကြေးပေးခြင်း၊ အလုပ်ထုတ်နစ်နာကြေး၊ အလုပ်ရပ်စဲမှုနစ်နာကြေး စသည်များကို ကယ်ဒီအလုပ်သမားများအနေဖြင့် ခံစားခွင့်အောင်ဝင်မည်မဟုတ်ပါ။

၁၄။ ဦးကျော်နန်းဦးပါ အလုပ်သမား(၆၇)ဦးအား အလုပ်ပြန်လည်ရရှိရေးနှင့် ကြားကာလလုပ်ခရရှိရေးတောင်းဆိုချက်သည် ပြဋ္ဌာန်းဥပဒေ၌ အကျုံးမဝင်ဟုသုံးသပ်၍ အောက်ပါအတိုင်းဆုံးဖြတ်လိုက်သည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အမှတ်(၁) ကို အထက်ပါသုံးသပ်ချက်များဖြည့်စွက်၍ အတည်ပြုသည်။

**ကောက်ချက်အမှတ်(၂)။** ဂေါက်ကလပ်မှကောက်ခံထားသည့် Caddie Fee နှင့် Caddie Booking Fee များကို ပြန်လည်ပေးအပ်ရန် သင့်၊ မသင့်။

**သုံးသပ်ချက်(၂)**

၁၅။ ဤအငြင်းပွားမှုတွင် ဦးကျော်နန်းဦးပါ လုပ်သား(၆၇)ဦးတို့၏ ကယ်ဒီကြေးနှင့် Booking ကြေးများ ပြန်လည်ထုတ်ပေးရန်တောင်းဆိုချက်အတွက် စဉ်းစားခဲ့ရာတွင် ကယ်ဒီကြေးဆိုသည်မှာ ကယ်ဒီတစ်ဦး (၉)ကျင်းတစ်ပတ် (One Coner) ကယ်ဒီလိုက်ပါရလျှင် သက်ဆိုင်ရာကယ်ဒီက ဂေါက်ကလပ်သို့ ဝန်ဆောင်ခ ကျပ်-၅၀၀/- နှုန်း(ကွင်းကြေး) ပေးသွင်းရသည့်ငွေဖြစ်ပါသည်။ Booking ကြေးဆိုသည်မှာ ဂေါက်ရိုက်သူများက မိမိစိတ်ကြိုက်လိုလားသည့် ကယ်ဒီသမားကို ငှားရမ်းရရှိရေးအတွက် ဂေါက်ကလပ်သို့ပေးသွင်းရသည့် ကြေးငွေနှုန်းထားဖြစ်ပြီး ဂေါက်ကလပ်၏ ဝန်ဆောင်မှုနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များအတွက် ဆောင်ရွက်ပိုင်ခွင့်၊ လုပ်ပိုင်ခွင့်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ထံသို့ တင်ပြချက်များအရ လေ့လာသိရှိရပါသည်။

၁၆။ သက်သေခံအဖြစ် တင်သွင်းထားခဲ့သော ဂေါက်ကလပ်ဝင်ငွေ၊ ထွက်ငွေတိုးတက်ရေးအစည်းအဝေးမှတ်တမ်းများအရ မန္တလေးမြို့တော်၊စည်ပင်သာယာရေးကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် (၁-၆-၂၀၁၅)ရက်နေ့တွင် ဂေါက်ကလပ်ဝင်ငွေတွင် ထည့်သွင်းဆောင်ရွက်ကြရန်နှင့် ယခင်ပုဂ္ဂလိကကုမ္ပဏီ AK Group လက်ထက်မှစတင်၍ ကယ်ဒီ Booking Fee ကို လချုပ်စာရင်းရှင်းတမ်းများတွင်ရေးသွင်းဖော်ပြခဲ့သည်ကို စိစစ်တွေ့ရှိရပါသည်။ ၂၀၀၆ ခုနှစ်၊ ဇူလိုင်လမှစတင်၍ ဂေါက်ကလပ်ဝင်ငွေအဖြစ် ကယ်ဒီကြေးကိုပေးသွင်းခဲ့ရပြီး ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ယင်းရငွေများ၏ ၈၀% ကိုသာပေးသွင်းရပြီး ၂၀% ကို ကယ်ဒီများ၏သာရေး၊ နာရေး ရန်ပုံငွေအဖြစ်စုဆောင်းပြီး ကယ်ဒီဝတ်စုံနှင့်သာရေး၊ နာရေးကိစ္စများတွင် ကျခံသုံးစွဲခဲ့ကြောင်း ထွက်ဆို

တင်ပြခဲ့ပါသည်။ မန္တလေးမြို့တော်၊ စည်ပင်သာယာရေးကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ကောက်ယူရန် စီမံရခြင်းဖြစ်သော်လည်း ၁၃-၁၀-၂၀၁၅ ရက်နေ့မှစ၍ ကယ်ဒီများ၏ သက်သာချောင်ချိရေးကိုရှေးရှုပြီး ရပ်ဆိုင်းခဲ့ကြောင်းကို မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ သုံးသပ်ချက်အရလည်းကောင်း၊ ခုံသမာဓိကောင်စီတွင် ထွက်ဆိုချက်များအရ ကောက်ခံမှုရပ်ဆိုင်းခဲ့ကြောင်းသိရှိရပါသည်။ သို့ဖြစ်၍ ယခင်ကုမ္ပဏီအဆက်ဆက်မှစတင်၍ ယခုရွှေမန်းတောင်ဂေါက်ကလပ်ထူထောင်ခဲ့သည့် ကာလများအတွင်း ကယ်ဒီကြေးနှင့် Booking ကြေးများကို ကောက်ခံမှုရှိခဲ့ကြောင်းနှင့် ကောက်ခံရရှိငွေများကို စနစ်တကျစာရင်းဇယားများဖြင့်ပြုစု၍ ဂေါက်ကလပ်၏ ဝင်ငွေစာရင်းအဖြစ်ဖော်ပြခဲ့ပြီး သက်ဆိုင်ရာမန္တလေးမြို့တော်၊စည်ပင်သာယာရေးကော်မတီစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးမှုကိုခံယူပြီး လချုပ်အစီရင်ခံစာများဖြင့် ပြုစုတင်ပြခဲ့သည်များကို စိစစ်တွေ့ရှိရပါသည်။

၁၇။ အဆိုပါကောက်ခံရရှိငွေများသည် မန္တလေးမြို့တော်၊စည်ပင်သာယာရေးအဖွဲ့နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခွင့်ရရှိခဲ့ကြသော ပုဂ္ဂလိကကုမ္ပဏီအဆက်ဆက်တို့နှင့် ကျင့်သုံးလုပ်ဆောင်ခဲ့သည်ဖြစ်၍ နှစ်ကာလကြာမြင့်သည့်ကိစ္စရပ်များဖြစ်နေပြီး မိမိတို့ခုံသမာဓိကောင်စီ၏ လုပ်ပိုင်ခွင့်နှင့် သက်ဆိုင်ခြင်းမရှိသည့်အတွက် ဆုံးဖြတ်ရန်ကိစ္စမဟုတ်ကြောင်း သုံးသပ်ပါသည်။

**ဆုံးဖြတ်ချက်အမှတ်(၂)။** မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို အတည်ပြုသည်။

**တောင်းဆိုချက်အမှတ်(၃)။** ကယ်ဒီ အလုပ်သမားများသည် ပုတ်ပြတ်အလုပ်သမားများဖြစ်၍ သက်ဆိုင်သည့် အလုပ်အကိုင်ဖန်တီးပေးရန်နှင့် ဖန်တီးမပေးနိုင်ပါက လစာဝန်ထမ်းအဖြစ် သတ်မှတ်ပေးရန်တောင်းဆိုခြင်း။

**သုံးသပ်ချက်(၃)**

၁၈။ ခုံသမာဓိကောင်စီ၏တာဝန်သည် ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်ရာတွင် လူမှုရေးတရားမျှတမှု၊ သင့်လျော်ကောင်းမွန်သည့်အလုပ်အကိုင်နှင့် သာတူညီမျှဖြစ်ရေးသဘောတရားများအပေါ် အခြေခံကာ သီးခြားလွတ်လပ်ပြီး၊ ဘက်လိုက်မှုမရှိသော အဖွဲ့အစည်းအဖြစ်ရပ်တည်ဆုံးဖြတ်ရန် ပြဋ္ဌာန်းထားပါသည်။

၁၉။ ဦးကျော်နန်းဦးပါ အလုပ်သမား(၆၉)ဦးကို ကယ်ဒီလိုက်ပါခွင့်ရပ်ဆိုင်းခဲ့ရာ၌ ကယ်ဒီများလိုက်နာရန် သတ်မှတ်ချက်စည်းကမ်းဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ကယ်ဒီလိုက်ပါခြင်းမပြုဘဲ ဆန္ဒပြခြင်းကိုအကြောင်းပြု၍ ကယ်ဒီလိုက်ပါခွင့် ရပ်စဲခဲ့ကြောင်းတွေ့ရသည်။ ရွှေမန်းတောင်

ဂေါက်ကွင်းအုပ်ချုပ်သူများက ယင်းသို့ဆန္ဒပြခြင်းကြောင့် ထိုနေ့ကပြိုင်ပွဲတွင် အခက်အခဲများဖြစ်ပေါ်ခဲ့ကြောင်း၊ ဂေါက်ကွင်း၏ဂုဏ်သိက္ခာကို ထိခိုက်စေကြောင်းတင်ပြသည်။ ကယ်ဒီအလုပ်သမားအနေဖြင့် ဆန္ဒထုတ်ဖော်ခွင့်ကို ဥပဒေနှင့်အညီသာ ပြုလုပ်ခွင့်ရှိကြပါသည်။ ထိုနေ့ကဆန္ဒပြ ကယ်ဒီ (၆၉)ဦးသည် ကယ်ဒီလိုက်ပါခြင်းမပြုကြသဖြင့် အလုပ်ရပ်ဆိုင်းခြင်းသည် သပိတ်မှောက်ခြင်းပြုရာရောက်ပါသည်။ အလုပ်သမားအဖွဲ့အစည်းဥပဒေအရ အလုပ်သမားများသပိတ်မှောက်ခြင်းကို အလုပ်သမားအငြင်းပွားမှုဖြေရှင်းနေစဉ် သပိတ်မှောက်ခြင်းကို ဥပဒေကတားမြစ်ထားပါသည်။ ထို့ပြင် အလုပ်သမားအဖွဲ့ချုပ်၏ခွင့်ပြုချက်မရှိဘဲ သပိတ်မှောက်ခြင်းမပြုလုပ်ရပါ။ သပိတ်မှောက်မည့်အကြောင်းကို သက်ဆိုင်ရာအလုပ်ရှင်သို့ သပိတ်မှောက်မည့်နေ့မတိုင်မီ အနည်းဆုံး (၃)ရက်ကြိုတင်အကြောင်းကြားရပါသည်။ ဤအချက်များမလိုက်နာပါက ပြစ်ဒဏ်များလည်းပြဋ္ဌာန်းထားပါသည်။ ငြိမ်းစုစီဥပဒေအရဆန္ဒပြမည်ဆိုပါက သက်ဆိုင်ရာရဲစခန်းကို(၃)ရက်ကြိုတင် တင်ပြရပါသည်။ ဂေါက်ကွင်းအတွင်း၌ဆန္ဒပြလိုပါက ဂေါက်ကွင်းစီမံအုပ်ချုပ်သူများကို တင်ပြရန်လိုပါသည်။ ဦးကျော်နန်းဦးပါ အလုပ်သမား(၆၉)ဦးသည် အထက်ပါဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမပြုခဲ့ပါ ။ ဦးဆောင်ဆန္ဒပြသော ရွှေမန်းတောင်ဂေါက်ကွင်း အလုပ်သမားအဖွဲ့သည် အလုပ်သမားအဖွဲ့အစည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်းမပြုခဲ့သဖြင့် ဆန္ဒပြမှုသည် ဥပဒေကိုလေးစားလိုက်နာခြင်းမရှိဟု ခုံအဖွဲ့ကသုံးသပ်ပြီး၊ အလုပ်သမားသမဂ္ဂများ၊ အဖွဲ့အစည်းများသည် တည်ဆဲအလုပ်သမားအဖွဲ့အစည်းဥပဒေများကို လေးစားလိုက်နာသင့်ကြောင်း၊ ဥပဒေနှင့်ဆန့်ကျင်သောလုပ်ဆောင်ချက်များ မပြုသင့်ကြောင်း သတိပေးမှတ်ချက်ပြုပါသည်။

၂၀။ ကယ်ဒီအလုပ်သမား(၆၉)ဦးသည် ကယ်ဒီဝန်ဆောင်မှုလုပ်ငန်း၌ အတွေ့အကြုံရှိသော အရည်အချင်းရှိလုပ်သားများဖြစ်ပါသည်။ ယင်းအလုပ်သမားများ၏ စားဝတ်နေရေးနှင့် မိခိုသူမိသားစုများစွာ၏ စားဝတ်နေရေးအခက်အခဲများစွာရှိနေခြင်းကြောင့် လူမှုရေးတရားမျှတမှုကို ရှေးရှု၍ ကယ်ဒီအလုပ်သမား(၆၉)ဦးအား ဥပဒေနှင့်မညီညွတ်သော ဆန္ဒထုတ်ဖော်မှုကိုသတိပေးပြီး၊ ရွှေမန်းတောင်ဂေါက်ကွင်း၏မူလချမှတ်ထားသော ကယ်ဒီများလိုက်နာရန် စည်းမျဉ်းစည်းကမ်းများကို လိုက်နာပါမည်ဟု ကတိပြုလက်မှတ်ရေးထိုးစေ၍ ကတိပြုလက်မှတ်ရေးထိုးသူများကို ကယ်ဒီလိုက်ပါခွင့်ပြုသင့်သည်ဟု သုံးသပ်တွေ့ရှိရသည်။

ဆုံးဖြတ်ချက်အမှတ်(၃)။ ဦးကျော်နန်းဦးပါ ကယ်ဒီအလုပ်သမား(၆၉)ဦးအား ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော ဆန္ဒပြမှုပြုလုပ်ခြင်းကို မပြုလုပ်ရန်သတိပေး၍ ရွှေမန်းတောင်ဂေါက်ကွင်း၊ မူလချမှတ်ထားသော ကယ်ဒီများလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာပါမည်ဟု ကတိပြုလက်မှတ်ရေးထိုးစေ၍ ကတိပြုလက်မှတ်ရေးထိုးသူများကို ကယ်ဒီလိုက်ပါခွင့်ပြုရန်ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

| ဦးမောင်မောင်ဝင်း | ဦးသောင်းစိန် | ဦးနေမင်း |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |